**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန**

**လူငယ်ရေးရာဦးစီးဌာန**

# လျှောက်လွှာခေါ်ယူခြင်း

၁။ အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာန(ရုံးချုပ်)တွင် အောက်ဖော်ပြပါ ရာထူးနေရာများ၌ ခန့်ထားရန်အတွက် ယှဉ်တွဲဖော်ပြပါသတ်မှတ်ချက်များနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

| **စဉ်** | **ရာထူး/ လစာနှုန်းကျပ်** | **ခန့်ထားမည့် နေရာ** | **အနိမ့်ဆုံးပညာအရည်အချင်း သတ်မှတ်ချက်** |
|---|---|---|---|
| (က) | ဒုတိယဦးစီးမှူး (၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) | (၅) နေရာ | ဘွဲ့တစ်ခုခုရရှိရမည်။ (B.A (English)/L.L.B/B.CSc/ B.A (Psychology) ဘွဲ့ရရှိသူ ဦးစားပေးမည်) |

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

( ခ ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။

( ဂ ) လျှောက်ထားသူသည် ၉-၅-၂၀၂၄ ရက်နေ့တွင် အသက်(၃၀)နှစ်၊ နိုင်ငံ့ဝန်ထမ်းဖြစ်ပါကအသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(ဃ) ဒေသမရွေးသွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

( င ) ရွေးချယ်ခန့်ထားခြင်းခံရပါကအနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

( စ ) စာမေးပွဲဝင်ကြေးငွေကျပ်(၂၀၀၀)(ကျပ်နှစ်ထောင်တိတိ)ကို မြန်မာ့စီးပွားရေးဘဏ် ငွေထုတ်စာရင်းအမှတ်(MD-014474)သို့ ပေးသွင်းရမည်ဖြစ်ပြီး၊ "လူငယ်ရေးရာဦးစီးဌာန၊ ဒုတိယဦးစီးမှူးရာထူးအတွက် စာမေးပွဲဝင်ကြေးပေးသွင်းခြင်း"ဟု ဖော်ပြ၍ ပေးသွင်းရမည်ဖြစ်ပါသည်။

(ဆ) လာရောက်လျှောက်ထားသူများသည် ဝန်ထမ်းအဖြစ်မှ ထုတ်ပစ်ခြင်း(Dismissal)၊ ရာထူးမှထုတ်ပယ်ခြင်း(Removal)ခံရသူများနှင့် နှုတ်ထွက်ခဲ့သူများမဖြစ်စေရ။

၃။ လူငယ်ရေးရာဦးစီးဌာနမှ ထုတ်ပေးသည့် သတ်မှတ်လျှောက်လွှာပုံစံဖြင့်သာ လျှောက်ထားရမည်။ လျှောက်လွှာများကို သတင်းစာတွင်ကြော်ငြာပါသည့်နေ့မှစ၍ လူငယ်ရေးရာဦးစီးဌာန (ရုံးချုပ်)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါအထောက်အထားများ ပူးတွဲပါရှိရမည်-

(က) ဘွဲ့လက်မှတ်မိတ္တူ၊ တက္ကသိုလ်ဝင်တန်းစာမေးပွဲအောင်လက်မှတ်မိတ္တူ၊ (မိတ္တူမှန်ဖြစ်ကြောင်းလက်မှတ်ရေးထိုးရန်နှင့် ဖြေဆိုချိန်တွင် မူရင်းတင်ပြနိုင်ရမည်)၊

( ခ ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ(ဖြေဆိုချိန်တွင် မူရင်းယူဆောင်လာရမည်)၊

( ဂ ) ဝန်ထမ်းမဟုတ်သူများအတွက် သက်တမ်းရှိသော အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ(စစ်ဆေးချိန်တွင် မူရင်းတင်ပြနိုင်ရမည်)၊

(ဃ) နှစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့ကာလာဓာတ်ပုံ(၃)ပုံ(ကျောဘက်တွင် အမည်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် ရေးသားရန်)၊

( င ) တစ်လအတွင်း ပြုလုပ်ထားသည့် သက်ဆိုင်ရာ ရပ်ကွက်/ ကျေးရွာအုပ်ချုပ်ရေးမှူး၏ ထောက်ခံချက်၊ ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်းထောက်ခံချက်မိတ္တူ(စစ်ဆေးချိန်တွင် မူရင်းတင်ပြနိုင်ရမည်)၊

( စ ) သက်ဆိုင်ရာပြည်သူ့ဆေးရုံများတွင် တစ်လအတွင်း ကျန်းမာရေးကောင်းမွန်ကြောင်း စစ်ဆေးထားသည့် ဆေးစစ်ထောက်ခံချက်မူရင်း၊

(ဆ) စာမေးပွဲဝင်ကြေးငွေပေးသွင်းပြီးကြောင်း ပြေစာချလန်မူရင်း၊

၅။ ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာကို ညွှန်ကြားရေးမှူးချုပ်၊ လူငယ်ရေးရာဦးစီးဌာန၊ (ဝဏ္ဏသိဒ္ဓိအားကစားကွင်း)သို့ လိပ်မူကာ လူကိုယ်တိုင်လာရောက်၍ ၉-၅-၂၀၂၄ ရက်နေ့ နောက်ဆုံးထား တင်သွင်းရပါမည်။

၆။ ဝန်ထမ်းဖြစ်ပါက လျှောက်လွှာနှင့် အထောက်အထားများကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနအကြီးအမှူးထောက်ခံချက်ဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနမှတစ်ဆင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန၊ လူငယ်ရေးရာဦးစီးဌာန(ရုံးချုပ်)သို့ ၉-၅-၂၀၂၄ ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ရန် နှင့် ကြိုတင်လျှောက်လွှာ မိတ္တူ(၁)စောင်ကို ဤလူငယ်ရေးရာဦးစီးဌာန(ရုံးချုပ်)သို့ ၂-၅-၂၀၂၄ ရက်နေ့နောက်ဆုံးထားပေးပို့ရမည်။

၇။ မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတရေးဖြေစာမေးပွဲဖြေဆိုရမည်။

၈။ ဖြေဆိုရမည့်ရက်နှင့် ဖြေဆိုခွင့်ရရှိသူများစာရင်းကို လူငယ်ရေးရာဦးစီးဌာန၊ ကြော်ငြာသင်ပုန်းနှင့် အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန Website ဖြစ်သော www.mosya.gov.mm နှင့် လူငယ်ရေးရာဦးစီးဌာန Facebook Page တို့တွင် ကြေညာပေးမည်ဖြစ်ပါသည်။

၉။ ရေးဖြေအောင်မြင်သူများကိုသာ လူတွေ့စာမေးပွဲ ဖြေဆိုခွင့်ပြုမည်ဖြစ်ပြီး ဌာနမှ ဆက်သွယ်အကြောင်းကြားပါမည်။

၁၀။ သတ်မှတ်ရက်ထက်ကျော်လွန်၍ပေးပို့လာသည့် လျှောက်လွှာများ၊ စည်းကမ်းချက်နှင့် မကိုက်ညီသည့် လျှောက်လွှာများအား လက်ခံမည်မဟုတ်ပါ။

၁၁။ အသေးစိတ်သိရှိလိုပါက လူငယ်ရေးရာဦးစီးဌာန(ရုံးချုပ်)နေပြည်တော်၊ စီမံခန့်ခွဲရေးနှင့် ဘဏ္ဍာရေးဌာနခွဲသို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်းနံပါတ် ၀၆၇-၃၄၁၃၉၄၃ သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

လူငယ်ရေးရာဦးစီးဌာန